## မင်နီမှတ်ချက်ပြုအထက်တန်းရှေ့နေလိုင်စင်မှ လိုက်ပါခွင့်ရလိုင်စင် လျှောက်ထားခြင်း လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ

၁။ လျှောက်လွှာ(လျှောက်လွှာမူရင်းတွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀ ကျပ် ထမ်းဆောင်ရမည်။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသို့ လိပ်မူတင်ပြရမည်။)

၂။ တိုက်ပုံအနက်နှင့် ဓါတ်ပုံ ( ၃ ) ပုံ (၁ လက်မ ပတ်လည်၊ နောက်ခံအပြာရောင်) (အမျိုးသားများသည် တိုက်ပုံအနက်ဝတ်ဆင်ပြီး ခေါင်းပေါင်း မဝတ်ဆင်ရ။ ရင်ထိုးတံဆိပ်တပ်ဆင်ခြင်းမရှိစေရ။ အမျိုးသမီးများသည် ဆံပင်ထုံးဖွဲ့ထားပြီး တိုက်ပုံအနက်ရောင် ဝတ်ဆင်ထားရမည်။ ရင်ထိုး တံဆိပ် တပ်ဆင်ခြင်းမရှိစေရ။ လျှောက်လွှာတင်သည့်ရက်အတွင်း ရိုက်ကူးထားသော ဓာတ်ပုံဖြစ်ရမည်။)

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

၄။ မင်နီမှတ်ချက်ပြု အထက်တန်းရှေ့နေလိုင်စင်မူရင်း။

၅။ သက်ပြည့် / နှစ်ပြည့်အငြိမ်းစားခွင့်ပြုသည့် အမိန့်မိတ္တူ (သို့မဟုတ်) အလုပ်မှနုတ်ထွက်ခွင့်ပြုသည့်အမိန့် မိတ္တူ။

၆။ အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်/စီးပွားရေးလုပ်ငန်း မရှိကြောင်း ကျမ်းကျိန်လွှာမူရင်း။

### မှတ်ချက်

၁။ တရားရုံးချုပ်၏ ၂၁-၆-၂၀၁၀ ပြည့်နှစ်ရက်စွဲပါ စာအမှတ်၊ ၄၅၁/၄-ရန(၂၀၁၀)ဖြင့် အထက်တန်းရှေ့နေမင်နီလိုင်စင် လျှောက်ထားသူများနှင့် မင်နီလိုင်စင်ပယ်ဖျက်၍ ရှေ့နေလိုက်ပါခွင့်လိုင်စင် လဲလှယ်ခွင့်ပြုရန် လျှောက်ထားသူများသိစေရန် ကြေညာချက်တွင် ၇-၁၂-၁၉၉၉ ရက်နေ့က ကျင်းပပြုလုပ်သော တရားရုံးချုပ် တရားသူကြီးများ၏ ၁၄/၁၉၉၉ ကြိမ်မြောက်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ -

(က) အထက်တန်းရှေ့နေလိုင်စင် ကိုင်ဆောင်ပြီးနောက် ဝန်ထမ်းအဖြစ်ဖြင့် မင်နီလိုင်စင်သို့ လဲလှယ်ရန်(၃)နှစ်နှင့်အထက် ပျက်ကွက်သူများအား မင်နီလိုင်စင်လဲလှယ် ခွင့်ပြုမည် မဟုတ်ကြောင်း။

(ခ) မင်နီလိုင်စင်ကိုင်ဆောင်ထားပြီး ဝန်ထမ်းအဖြစ်မှ ထွက်ပြီးနောက် ရှေ့နေလိုက်ပါခွင့်ရလိုင်စင် လဲလှယ်ရန် (၃) နှစ်နှင့်အထက် ပျက်ကွက်သူများအား မင်နီလိုင်စင်မှ ရှေ့နေလိုက်ပါခွင့်ရလိုင်စင်သို့ လဲလှယ်ခွင့်ပြုမည် မဟုတ်ကြောင်း ကြေညာထားပါသည်။